



ထင်ဖော်မှူးသင်(မြန်မာပြန်)

(အနှစ်ချုပ်)

Homo Dues အနှစ်ချုပ်ဘာသာပြန်
ထင်ဇော်မှူးသင် (မြန်မာပြန်)
*

မူရင်းစာရေးဆရာ Yuval Noah Harari ရေးသားထားသော Homo Dues စာအုပ်၏ အနှစ်ချုပ်အား ဘာသာပြန်သည်။

## ဘာတွေ သိမှတ်ရမလဲ

လူသားတို့ ထာဝစဥ် စိုးမိုးအုပ်ချုပ်နေဖို့ ဘာဖြစ်လို့ မဖြစ်နိုင်သလဲဆိုတာ ဖတ်ရှုရမည်။

လူသားများ တိုးတက်လာခြင်းနှင့်အတူ ကမ္ဘာမြေကို လူသားမျိုးနွယ်များ အုပ်စိုးလာသည့် ဖြစ်စဥ်သည် ဟိုမိုဆေပီယမ်များ၏ တီထွင်တတ်သည့် အရည်အချင်း၊ သတိရှိမှုနှင့် တွေးခေါ်တတ်ခြင်း တို့ဖြင့် အစပြုခဲ့သည်။ ဘာသာရေးနှင့် လူသားဗဟိုပြု ဒဿနများက တီထွင်ဖန်တီးမှုနှင့် အတွေးအခေါ်တို့၏ အလယ်ဗဟိုတွင် လူသားကို နေရာချထားပေးခြင်းအားဖြင့် လူသားခေတ်ကို တွန်းပို့ပေးခဲ့သည်။

သိပ္ပံနှင့် နည်းပညာ၊ ကွန်ပျူတာပညာရပ်နှင့် အသိဉာဏ်တုနယ်ပယ်များတွင် အလျင်အမြန် တိုးတက်လာမှုများဖြင့် ကျွန်ုပ်တို့ကို အခြားသတ္တဝါများအနေဖြင့် ရပ်တန့်တားဆီးဖို့ မဖြစ်နိုင်ဟု ထင်ရဟန်ရှိသည်။ သို့သော် ကျွန်ုပ်တို့သည် ကိုယ့်သေတွင်း ကိုယ်တူးနေသလိုမျိုးများ ဖြစ်နေမလား။

ယခုအနှစ်ချုပ်များတွင် လူသားများနှင့် လူသားပဓာနဝါဒတို့ ခေတ်စား

လာခြင်းကို ရှင်းပြပါမည်။ ဒီကမ္ဘာကို အုပ်စိုးနိုင်ဖို့ မည်သည့်အရာကများ ထောက်ပံ့ပေးပါသလဲ။ ကျွန်ုပ်တို့သည် ကိုယ့်ဘာသာကိုယ် အထူးအတန်းစား တစ်ခုအဖြစ် ဘာဖြစ်လို့ တွေးထင်ကြပါသလဲ။ ထို့ပြင် မည်သည့်အရာတွေက ကျွန်ုပ်တို့၏သရဖူကို လုယူနိုင်မည့် အရာများက ဘာတွေများ ဖြစ်မလဲဆိုတာ ဆွေးနွေးမည်။ လူသားတွေ၏ ကျဆုံးခန်းပင် ရောက်သွားနိုင်မလား။ ထို့ပြင်

- ကွြက်များအတွက် သိပ္ပံပညာရှင်များက မည်သို့ ဆုံးဖြတ်ချက်များ ချပေးသလဲ
- ယူအက်စ်သမ္မတ ရွေးကောက်ပွဲက လူသားပဓာနဝါဒကို ဘယ်လိုမျိုးမီးမောင်းထိုးပြ နေသလဲ
- လစ်ဘရယ်ဝါဒနှင့် အမျိုးသားရေးဝါဒတို့သည် ဘာသာရေးဖြစ်သည်ဟု ဘာကြောင့် ဆိုနိုင်သလဲ

***